Version06022024

# တည်ဆဲအခွန်ဆိုင်ရာဥပဒေများပါပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုအတွက် ဒဏ်ကြေးငွေနှင့် ပြစ်ဒဏ်များ

## ရည်ရွယ်ချက်

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ထိရောက်ကောင်းမွန်သော အခွန်စနစ်ဖြစ်ပေါ်စေရေး အတွက် အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အခွန်ထမ်းများ၏ ဆန္ဒအလျောက် လေးစားလိုက်နာမှု (Voluntary Compliance) အားကောင်းစေရန် တည်ဆဲအခွန် ဆိုင်ရာဥပဒေများပါပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများနှင့် စပ်လျဉ်း၍ ဒဏ်ကြေးနှင့် ပြစ်ဒဏ်ဆိုင်ရာပြဋ္ဌာန်းချက်များအား အခွန်ထမ်းပြည်သူများအနေဖြင့် ရှင်းလင်းစွာ သိရှိလိုက်နာနိုင်ရေး ရည်ရွယ်ခြင်းဖြစ်ပါသည်။

**မှတ်ပုံတင်ရန်ပျက်ကွက်ခြင်း သို့မဟုတ် အခွန်ထမ်းဆိုင်ရာသတင်းအချက်အလက်ပြောင်းလဲမှုကို အကြောင်းကြားရန် ပြဋ္ဌာန်းချက်နှင့်ဒဏ်ကြေးငွေများ**

၂။ (က) **ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)နှင့်(ခ)၊ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများ စည်းမျဉ်း ၃၊ စည်းမျဉ်းခွဲ(ခ) အရ** မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိမည့် ကုန်စည် ထုတ်လုပ်သူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူ သို့မဟုတ် ကုန်သွယ်မှုဆောင် ရွက်သူတို့သည် မိမိလုပ်ငန်းမစတင်မီဖြစ်စေ၊ မှတ်ပုံတင်လက်မှတ်တွင် သတ်မှတ်သော ကာလကုန်ဆုံးပြီးနောက် မိမိဆောင်ရွက်နေသည့်လုပ်ငန်းအား ဆက်လက် လုပ်ကိုင်လိုပါက မှတ်ပုံတင်လက်မှတ် သက်တမ်းမကုန်ဆုံးမီဖြစ်စေ၊ တစ်လကြိုတင်၍ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးထံ သတ်မှတ်သည့်ပုံစံ ပတခ(ကသခ)-၀၁-၀၁ ဖြင့် မှတ်ပုံတင်လျှောက်ထားရပါမည်။ ထို့အပြင် **ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများ စည်းမျဉ်း ၆ အရ** မိမိလုပ်ငန်းစတင်လုပ်ကိုင်သည့်နေ့မှ ၁၀ ရက်အတွင်း လုပ်ငန်း စတင်လုပ်ကိုင်ကြောင်း အကြောင်းကြားစာကို သတ်မှတ်သည့်ပုံစံ ပတခ(ကသခ)- ၀၁-၀၁(က)ဖြင့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရပါမည်။

(ခ) **အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) နှင့် အထူးကုန်စည်ခွန် နည်းဥပဒေ များ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(က) အရ** အထူးကုန်စည်ကို ပြည်တွင်းသို့ တင်သွင်းသူသည် ဘဏ္ဍာရေးနှစ်အတွင်း အစောဆုံးတင်သွင်းသည့် အထူးကုန်စည်ကို အကောက်ခွန်ဆိုင်ရာ ရှင်းလင်းထုတ်ယူခြင်းမပြုမီ သို့မဟုတ် ပြည်တွင်း၌ထုတ်လုပ်သူ သည် စတင်ထုတ်လုပ်ခြင်း မပြုမီ သုံးလကြိုတင်၍ဖြစ်စေ သို့မဟုတ် ပြည်ပသို့တင်ပို့သူ

သည် ဘဏ္ဍာရေးနှစ်အတွင်း အစောဆုံးတင်ပို့သည့် အထူးကုန်စည်ကို အကောက်ခွန်ဆိုင်ရာ ရှင်းလင်းတင်ပို့ခြင်းမပြုမီ ဝင်ငွေခွန်စည်းကြပ်မှုခံယူမည့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင် လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုရန် ပုံစံ ပတခ(အထခ) -၀၁-၀၁ ဖြင့် လျှောက်ထားရပါမည်။ ထို့အပြင် အထူးကုန်စည်ကို ပြည်တွင်းသို့ တင်သွင်းသူ သို့မဟုတ် ပြည်ပသို့တင်ပို့သူသည် ထုတ်ပေးထားသည့် မှတ်ပုံတင်လက်မှတ်သည် ဘဏ္ဍာရေးနှစ်တစ်နှစ် အတွက်သာဖြစ်သဖြင့် ဘဏ္ဍာရေးနှစ်ကူးပြောင်းသည့်အခါ အထူးကုန်စည်တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်း ဆက်လက်ဆောင်ရွက်ပါက အထူးကုန်စည်ကို အကောက်ခွန်ဆိုင်ရာ ရှင်းလင်းထုတ်ယူခြင်း သို့မဟုတ် ရှင်းလင်းတင်ပို့ခြင်းမပြုမီဖြစ်စေ၊ ပြည်တွင်း၌ထုတ်လုပ်သူသည် ဘဏ္ဍာရေးနှစ်အတွင်း အထူးကုန်စည်ထုတ်လုပ်ခြင်းကို ဆက်လက်လုပ်ကိုင်မည်ဖြစ်ပါက ဘဏ္ဍာရေးနှစ်အစဖြစ်သည့် ဧပြီလ ၁ ရက်နေ့မတိုင်မီသုံးလကြိုတင်၍ ဝင်ငွေခွန်စည်းကြပ်မှုခံယူမည့် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင် လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုရန် ပုံစံ ပတခ(အထခ)-၀၁-၀၁ ဖြင့် လျှောက်ထားရပါမည်။

(ဂ) **အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ(က)နှင့်အညီ** ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီအဖွဲ့အစည်းများဖြစ်ပါက **မှတ်ပုံတင်သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း အီလက်ထရောနစ်နည်းဖြင့် အခွန်ထမ်းမှတ်ပုံတင်ခြင်းစနစ်(e-Registration Management System) မှတစ်ဆင့် အခွန်ထမ်းမှတ်ပုံတင်အမှတ်ကို လျှောက်ထားရမည် ဖြစ်ပါသည်။**

(ဃ) အထက်ဖော်ပြပါ စာစဉ်အပိုဒ်၂(က)၊(ခ)နှင့်(ဂ)တို့အရ အခွန်ဥပဒေတစ်ရပ်ရပ်နှင့်အညီ မှတ်ပုံတင်ရန် ပျက်ကွက်မှုကို ကျူးလွန်ပါက **အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ၆၅၊ ပုဒ်မခွဲ(က) အရ** ပေးဆောင်ရမည့်အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသော ဒဏ်ကြေးငွေကို ပေးဆောင်ရမည် ဖြစ်ပါသည်။

(င) **အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(စ)နှင့်ပုဒ်မခွဲ(ဆ)တို့အရ** အခွန်ထမ်းဆိုင်ရာသတင်းအချက်အလက်ပြောင်းလဲမှုကို သက်ဆိုင်ရာအခွန်ရုံးများ သို့ အကြောင်းကြားရန်ပျက်ကွက်မှုကို ကျူးလွန်ပါက **အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေပုဒ်မ၆၅၊ ပုဒ်မခွဲ(ခ) အရ** ပေးဆောင်ရမည့်အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသော ဒဏ်ကြေးငွေကို ပေးဆောင်ရမည် ဖြစ်ပါသည်။

(စ) အခွန်ဥပဒေတစ်ရပ်ရပ်အရ အခွန်ထမ်းမှတ်ပုံတင်ပယ်ဖျက်ခြင်းကို ဥပဒေနှင့်အညီ လျှောက်ထားရန် ပျက်ကွက်မှုကို ကျူးလွန်ပါက **အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၆၅၊ ပုဒ်မခွဲ(ဂ) အရ** ပေးဆောင်ရမည့်အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသော ဒဏ်ကြေးငွေကို ပေးဆောင်ရမည် ဖြစ်ပါသည်။

**ငွေတောင်းခံလွှာ၊ ငွေရပြေစာ၊ မြီစားမှတ်စုနှင့် မြီရှင်မှတ်စုများကို မမှန်မကန်ဖော်ပြခြင်းအတွက် ဒဏ်ကြေးငွေများ**

၃။ **အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၆၆၊ ပုဒ်မခွဲ (က) အရ** မည်သူမဆို အောက်ပါ ကျူးလွန်မှု တစ်ရပ်ရပ်ကိုပြုလုပ်ပါက ကျပ်နှစ်သိန်းငါးသောင်းထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်ရမည်-

(က) မမှန်ကန်သော သို့မဟုတ် ယင်းနှင့်မသက်ဆိုင်သည့် အခွန်ထမ်းမှတ်ပုံတင်အမှတ်ကို အသုံးပြုခြင်း။

(ခ) မမှန်ကန်သောငွေတောင်းခံလွှာ သို့မဟုတ် အရောင်းပြေစာ ထုတ်ပေးခြင်း။

(ဂ) မမှန်ကန်သော မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စု ထုတ်ပေးခြင်း။

(ဃ) ငွေတောင်းခံလွှာ၊ ငွေရပြေစာ၊ မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စုများကို အခွန်ဥပဒေ တစ်ရပ်ရပ်နှင့်အညီ မဟုတ်ဘဲ ပေးအပ်ခြင်း သို့မဟုတ် ပေးအပ်ရန်ပျက်ကွက်ခြင်း။

**ကြေညာလွှာတင်သွင်းရန် ပြဋ္ဌာန်းချက်နှင့်ဒဏ်ကြေးငွေများ**

၄။ (က) **ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ၁၂၊ ပုဒ်မခွဲ(က)နှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ၁၃၊ ပုဒ်မခွဲ (က) တို့အရ** နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် သို့မဟုတ် ဆန္ဒအလျောက် မှတ်ပုံတင်သူများအနေဖြင့် သုံးလတစ်ကြိမ်ကြေညာလွှာနှင့်နှစ်ချုပ်ကြေညာလွှာအား သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးထံပေးပို့ရပါမည်။ သုံးလတစ်ကြိမ်ကြေညာလွှာ အား သက်ဆိုင်ရာသုံးလပတ် ကုန်ဆုံးပြီးနောက် တစ်လအတွင်း ပတခ(ကသခ)-၀၃-၀၁ ပုံစံနှင့် နှစ်ချုပ်ကြေညာလွှာအား သက်ဆိုင်ရာနှစ်ကုန်ဆုံးပြီး သုံးလအတွင်း ပတခ(ကသခ)-၀၃-၀၁(က) ပုံစံဖြင့် ပေးပို့ရပါမည်။

(ခ) **အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)တို့အရ** အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်တွင်း၌ထုတ်လုပ်သူ သို့မဟုတ် ပြည်ပသို့တင်ပို့သူသည် အထူးကုန်စည်ကို ထုတ်လုပ်ရောင်းချခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းအတွက် သုံးလပတ်ကြေညာလွှာကို သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပတခ (အထခ)-၀၃-၀၁ ပုံစံဖြင့် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးထံ တင်သွင်းရမည်။

(ဂ) **ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(က)အရ** မည်သူမဆိုဝင်ငွေနှစ်အတွင်း ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေရရှိလျှင် ထိုဝင်ငွေနှစ်အတွက် မိမိ၏ဝင်ငွေကြေညာလွှာကိုလည်းကောင်း၊ ဘာသာရေး သို့မဟုတ် ကုသိုလ်ရေး အဖွဲ့ အစည်းများမှအပ ကုမ္ပဏီအပါအဝင် မည်သည့်ပုဂ္ဂိုလ်စုမဆို ထိုဝင်ငွေနှစ်အတွက် မြတ်စွန်းငွေရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ဝင်ငွေကြေညာလွှာကိုလည်းကောင်း ဝင်ငွေနှစ်ကုန်ဆုံးပြီး သုံးလအတွင်း ပတခ(ဝငခ)-၀၃-၀၁ ပုံစံဖြင့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရပါမည်။

**(ဃ)** အထက်ဖော်ပြပါ စာစဉ်အပိုဒ်၄(က)၊ (ခ)နှင့်(ဂ)တို့အရ အခွန်ဥပဒေတစ်ရပ်ရပ်နှင့်အညီ ပျက်ကွက်မှုကို ကျူးလွန်ပါက **အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၆၇၊ ပုဒ်မခွဲ (က) အရ** မည်သူမဆို အခွန်ကြေညာလွှာ သို့မဟုတ် အခြားကြေညာလွှာ တစ်ရပ်ရပ်ကို တင်သွင်းရန်သတ်မှတ်ထားသည့် နေ့ရက်တွင် သို့မဟုတ် ယင်းနေ့ရက် မတိုင်မီ တင်သွင်းရန် ပျက်ကွက်ပါက အောက်ပါ ဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည်-

**(၁)** ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၅ ရာခိုင်နှုန်းအပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့ရက်မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့် အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့် အခွန်ပမာဏ ၏ ၁ ရာခိုင်နှုန်း။

**(၂)** ငွေကျပ်တစ်သိန်း။

**ပေါ့ဆမှုဖြင့် သို့မဟုတ် မရိုးမဖြောင့်သောရည်ရွယ်ချက်ဖြင့် အခွန်လျော့နည်း ပေးဆောင်ခြင်းအတွက် ဒဏ်ကြေးငွေများ**

**၅။ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၆၈ အရ** အခွန်ထမ်းတစ်ဦး၏ အခွန်ကြေညာလွှာတွင် မမှန်ကန်သော ဖော်ပြချက်တစ်ခု သို့မဟုတ် ချန်လှပ်ထားခဲ့သော အကြောင်းအချက် တစ်ခုခုအရ အခွန်ကိုလျော့နည်းပေးဆောင်ခဲ့ပြီး သို့မဟုတ် လျော့နည်းပေးဆောင်ခဲ့ဖွယ်ရှိပြီး ယင်းဖော်ပြချက် သို့မဟုတ် ချန်လှပ်ထားချက်သည် အခွန်ထမ်းက ကြိုတင်ကြံရွယ်ချက်ဖြင့် ပြုလုပ်ခြင်း သို့မဟုတ် လျစ်လျူရှုခြင်းဖြစ်လျှင် အခွန်ထမ်းသည် အောက်ပါ ဒဏ်ကြေးငွေ တစ်ရပ်ရပ်ကို ပေးဆောင်ရမည်-

**(က)** ပုဒ်မခွဲ(ခ)နှင့် အကျုံးမဝင်ပါက လျော့နည်းပေးဆောင်သည့် အခွန်ပမာဏ၏ ၂၅ ရာခိုင်နှုန်း။

**(ခ)** လျော့နည်းပေးဆောင်သည့် အခွန်ပမာဏသည် ကျပ်သိန်းတစ်ထောင်ထက် ကျော်လွန်လျှင် သို့မဟုတ် ပေးဆောင်ရမည့်အခွန်၏ ၅၀ ရာခိုင်နှုန်းထက် ကျော်လွန်လျှင် လျော့နည်းပေးဆောင်သည့် အခွန်ပမာဏ၏ ၇၅ ရာခိုင်နှုန်း။

**မှားယွင်းသော သို့မဟုတ် လမ်းလွဲစေနိုင်သော ဖော်ပြချက်များအတွက် ဒဏ်ကြေးငွေများ**

**၆။ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၆၉၊ ပုဒ်မခွဲ (က) အရ** ပုဂ္ဂိုလ်တစ်ဦးဦးသည် မှားယွင်းသော သို့မဟုတ် လမ်းလွဲစေနိုင်သော ဖော်ပြချက်ကို အခွန်ဝန်ထမ်းထံတင်ပြသဖြင့် ယင်းအချက်အလက်အပေါ် မှန်ကန်သည်ဟုယူဆ၍ စည်းကြပ်မှုပြုရာတွင် အမှန်ပေးဆောင်ရန်တာဝန်ရှိသော အခွန်အောက် လျော့နည်းပေးဆောင်ခဲ့ဖွယ်ရှိလျှင်ဖြစ်စေ၊ အမှန်ပြန်အမ်းရမည့်ငွေထက် ပိုမိုပြန်အမ်းခဲ့ဖွယ်ရှိလျှင်ဖြစ်စေ ဒဏ်ကြေးငွေ ကျပ် တစ်သိန်းငါးသောင်း အပြင် အောက်ပါဒဏ်ကြေးငွေ တစ်ရပ်ရပ်တို့အနက်များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည်-

(က) အမှန်ကျသင့်သည့်အခွန်နှင့် လျှော့နည်းစည်းကြပ်ခဲ့နိုင်ဖွယ်ရှိသည့် အခွန်တို့၏ခြားနား သည့်ပမာဏ။

(ခ) အမှန်ပြန်အမ်းရမည့်ငွေကြေးနှင့် ပိုမိုပြန်အမ်းခဲ့နိုင်ဖွယ်ရှိသည့် ငွေကြေးတို့၏ခြားနား သည့်ပမာဏ။

**စာတမ်းအမှတ်အသားများကို ထိန်းသိမ်းရန်ပျက်ကွက်ခြင်းအတွက် ဒဏ်ကြေးငွေများ**

၇။ **အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၇၀၊ ပုဒ်မခွဲ (က)အရ** မည်သူမဆို ဤဥပဒေအရ သော်လည်းကောင်း၊ အခွန်ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း ၊ လိုအပ်သည့်စာတမ်းအမှတ် အသားများ ထိန်းသိမ်းရန်ပျက်ကွက်ပါက ပျက်ကွက်မှုဆက်လက်ဖြစ်ပွားနေသည့် ရက်တစ်ရက် ချင်းစီအတွက်ဖြစ်စေ၊ ရက်တစ်ရက်၏ တစ်စိတ်တစ်ပိုင်းအတွက်ဖြစ်စေ ပုဒ်မခွဲ(ခ) အရ အောက်ပါ ဒဏ်ကြေးငွေကို ပေးဆောင်ရမည်-

(က) ကျပ်ငါးသိန်းထက်မပိုသည့် အခွန်ပေးဆောင်ရန် တာဝန်ရှိသူဖြစ်ပါက ပျက်ကွက်မှု ဆက်လက်ဖြစ်ပွားနေသည့် ရက်တစ်ရက်စီအတွက် ဒဏ်ကြေးငွေသည် တစ်ရက်လျှင် ကျပ်ငါးထောင် ဖြစ်သည်။

(ခ) ကျပ်သိန်း ၅၀ ထက်မပိုသည့် အခွန်ပေးဆောင်ရန် တာဝန်ရှိသူဖြစ်ပါက ပျက်ကွက်မှု ဆက်လက်ဖြစ်ပွားနေသည့် ရက်တစ်ရက်စီအတွက် ဒဏ်ကြေးငွေသည် တစ်ရက်လျှင် ကျပ်ငါးသောင်းဖြစ်သည်။

(ဂ) ကျပ်သိန်း၅၀ထက်ကျော်လွန်သည့် အခွန်ပေးဆောင်ရန် တာဝန်ရှိသူဖြစ်ပါက ပျက်ကွက်မှု ဆက်လက်ဖြစ်ပွားနေသည့် ရက်တစ်ရက်စီအတွက် ဒဏ်ကြေးငွေသည် တစ်ရက်လျှင် ကျပ်တစ်သိန်းဖြစ်သည်။

**တတိယပုဂ္ဂိုလ်အကြောင်းကြားစာကို လိုက်နာရန် ပျက်ကွက်ခြင်းအတွက် ဒဏ်ကြေးငွေများ**

၈။ **အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၇၁ အရ** တတိယပုဂ္ဂိုလ်သည် အကြောင်းကြားစာကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက တတိယပုဂ္ဂိုလ်ပေးဆောင်ရမည့် အခွန်ပမာဏနှင့် ယင်း အကြောင်းကြားစာတွင် ဖော်ပြထားသည့် သတ်မှတ်ရက်အတွင်း ပေးဆောင်ပြီးဖြစ်သည့်အခွန် ပမာဏတို့အကြား ခြားနားချက်၏ ၂၅ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည် ဖြစ်ပါသည်။

**ရုံးလုပ်ငန်းဆောင်ရွက်ရန် ထိုက်သင့်သည့်နေရာ၊ အသုံးအဆောင်နှင့် အကူအညီများပေးရန် ပျက်ကွက်ခြင်းအတွက် ဒဏ်ကြေးငွေများ**

၉။ **အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၇၂ အရ** မည်သူမဆို **အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ** အရလည်းကောင်း၊ အခွန်ဥပဒေတစ်ရပ်ရပ်အရလည်းကောင်း၊ အခွန်ဝန်ထမ်းကို ရုံးလုပ်ငန်း ဆောင်ရွက်ရန် ထိုက်သင့်သည့်နေရာ အသုံးအဆောင်နှင့် အကူအညီများပေးရန် ပျက်ကွက်ပါက ကျပ်ငါးသိန်း ထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်ရမည်ဖြစ်ပါသည်။

**သတင်းအချက်အလက်ပေးပို့ရန် ပျက်ကွက်ခြင်းအတွက် ဒဏ်ကြေးငွေများ**

၁၀။ **အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၇၃ အရ** မည်သူမဆို **အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ** အရဖြစ်စေ၊ အခွန်ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးက သင့်လျော်စွာ တောင်းခံသည့်သတင်းအချက်အလက်ကို သတ်မှတ်အချိန်အတွင်းပေးအပ်ရန် ပျက်ကွက်ပါက ကျပ်ငါးသိန်း ထက်မပိုသောဒဏ်ကြေးငွေကို ပေးဆောင်ရမည်ဖြစ်ပါသည်။

**အခွန်ပေးဆောင်ရမည့် သတ်မှတ်နေ့ရက်နှင့် ပျက်ကွက်မှုအတွက် ပြဋ္ဌာန်းချက်နှင့် ဒဏ်ကြေးငွေများ**

၁၁။ (က) **ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) အရ** မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် လစဉ်ကျသင့်သောအခွန်ကို သက်ဆိုင်ရာလကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရမည်။

(ခ) **အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (က) အရ**

(၁) အထူးကုန်စည်ကို ပြည်တွင်းသို့တင်သွင်းခြင်းဖြစ်ပါက ကုန်စည်ကိုရွေးယူခြင်း မပြုမီ ပေးဆောင်ရပါမည်။

(၂) ပြည်တွင်း၌ ထုတ်လုပ်ခြင်းအတွက် ရောင်းချသည့်လ၏ လကုန်ဆုံးပြီး ၁၀ရက်အတွင်းတွင်လည်းကောင်း၊ ထုတ်လုပ်မှုအပေါ် အခွန်ကျသင့်စေရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် အထူးကုန်စည်များဖြစ်ပါက အထူးကုန်စည်ကိုထုတ်လုပ်သည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်းတွင်လည်းကောင်း ပေးဆောင်ရမည်။

(၃) ပြည်ပသို့တင်ပို့ခြင်းဖြစ်ပါက အထူးကုန်စည်ကို တင်ပို့သည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက် အတွင်း ပေးဆောင်ရမည်။

(၄) အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို ကုန်စည်ပိုင်ရှင်ထံတွင် စိစစ် တွေ့ရှိရခြင်းဖြစ်ပါက စိစစ်တွေ့ရှိသည့်နေ့မှ ၇ ရက်အတွင်း ကုန်စည်ပိုင်ရှင်က ပေးဆောင်ရမည်။

(ဂ) **ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၆-က၊ ပုဒ်မခွဲ(က)နှင့်(ခ)တို့အရ** မည်သူမဆို ဝင်ငွေရရှိသည့် အချိန်၌ ထိုနှစ်အတွင်း မိမိရရှိမည့်စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ်တွင် ကျသင့်သည့်အခွန်ကို သုံးလတစ်ကြိမ်ပေးသွင်းရမည်ဖြစ်ပြီး သုံးလပြည့်မြောက်သည့်နေ့ရက်မှ ၁၀ ရက်အတွင်း ဝင်ငွေခွန်ကို ကြိုတင်ပေးဆောင်ရမည်ဖြစ်ပါသည်။ အခြေပစ္စည်းမှမြတ်စွန်းငွေဖြစ်ပါက အခြေပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် ကျသင့်သည့်အခွန်ကို ခန့်မှန်းတွက်ချက် ပေးသွင်းရပါမည်။

**(ဃ)** အထက်ဖော်ပြပါ စာစဉ်အပိုဒ်၁၁(က)၊ (ခ)နှင့်(ဂ)တို့အရ အခွန်ဥပဒေတစ်ရပ်ရပ်နှင့်အညီ ပျက်ကွက်မှုကို ကျူးလွန်ပါက **အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၇၄၊ ပုဒ်မခွဲ(က)၊ (ခ)နှင့်(ဃ)တို့အရ** အောက်ပါ ဒဏ်ကြေးငွေကို ပေးဆောင်ရမည်–

(၁) မည်သူမဆို စည်းကြပ်မှု သို့မဟုတ် ပြန်လည်စည်းကြပ်မှုပြုသည့်နေ့မှ ၁၄ ရက်အတွင်း သို့မဟုတ် စည်းကြပ်မှု အကြောင်းကြားစာပါ သတ်မှတ်ရက်တွင် ပေးဆောင်ရန်ရှိသည့် အခွန်အားလုံးကိုဖြစ်စေ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပေးဆောင်ရန် ပျက်ကွက်ပါက ပေးဆောင်ခြင်းမရှိသေးသည့် အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသည့်ပမာဏကို နောက်ကျပေးဆောင်ခြင်းအတွက် ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

(၂) မည်သူမဆို အခွန်ဥပဒေတစ်ရပ်ရပ်နှင့်အညီ အရစ်ကျပေးဆောင်ရမည့် အဆိုပါ အရစ်အတွက် ပေးဆောင်ရန် သတ်မှတ်ရက်အတွင်း ပေးဆောင်ရန် ပျက်ကွက်ပါက ပေးဆောင်ခြင်းမရှိသေးသည့် အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသည့် ပမာဏကို နောက်ကျပေးသွင်းမှုအတွက် ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

(၃) မည်သူမဆို လုံလောက်သောအကြောင်းမရှိဘဲ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ သက်ရောက်သည့် အခွန်ဥပဒေတစ်ရပ်ရပ်အရ ပင်ရင်းမှနုတ်ယူပေးသွင်းသည့်အခွန်ကို သတ်မှတ်ထားသည့်ရက်အတွင်း ပေးဆောင်ရန် ပျက်ကွက်ပါက ထိုသို့ပေးဆောင်ရန် ပျက်ကွက်သောပမာဏ၏ ၁၀ ရာခိုင်နှုန်းကို နောက်ကျပေးဆောင်ခြင်းအတွက် ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

**အခွန်ရှောင်တိမ်းခြင်းအတွက် ပြစ်ဒဏ်များ**

၁၂။ (က) **အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၇၇ အရ** မည်သူမဆို အခွန်စည်းကြပ်မှုပြုခြင်း၊ ပေးဆောင်စေခြင်း၊ ကောက်ခံခြင်းကိုသိလျက်နှင့် တမင်ရှောင်တိမ်းခြင်း သို့မဟုတ် ရပိုင်ခွင့်မရှိသည့်ပြန်အမ်းငွေကို ရရှိရန်သိလျက်နှင့် တမင်ကြံရွယ်ချက်ဖြင့် တောင်းခံခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက် မပိုသောထောင်ဒဏ်ကိုဖြစ်စေ၊ ကျပ်နှစ်သိန်းငါးသောင်းနှင့် သက်ဆိုင်ရာကာလအတွက် ထိုသူက ရှောင်တိမ်းခဲ့သည့် အခွန်၏ ၁၀၀ ရာခိုင်နှုန်းနှင့်ညီမျှသော ငွေပမာဏတို့အနက် များရာငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဖြစ်ပါသည်။

(ခ) **အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ အရေးယူခြင်းခံရမည့်အပြင် ၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁ ဖြင့် ပြဋ္ဌာန်းထားသည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အရလည်း ထပ်မံတရားစွဲဆိုခံရနိုင်ပါသည်။**

**အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်မှုအတွက် ဒဏ်ကြေးငွေများ**

၁၃။ (က) **ကုန်သွယ်လုပ်ငန်းခွန်**

**၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၄၀၊ ပုဒ်မခွဲ (က) အရ** ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန်ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာအား ထုတ်ပေးထားသော်လည်း ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန် တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ် ပေးရန် ပျက်ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ထပ်မံပေးဆောင်ရမည့်အခွန်၏ ၁၀၀ ရာခိုင်နှုန်း ကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်စေရမည့်အပြင် ပျက်ကွက်မှု အကြိမ်အလိုက် အောက်ပါ ငွေပမာဏကိုပါ ဒဏ်ကြေးငွေ အဖြစ်ပေးဆောင်ရမည်–

(၁) ပထမ အကြိမ်ပျက်ကွက်ခြင်းအတွက်ဒဏ်ငွေ ကျပ် ၁၀ သိန်း

(၂) ဒုတိယအကြိမ်ပျက်ကွက်ခြင်းအတွက်ဒဏ်ငွေ ကျပ် ၂၀ သိန်း

(၃) တတိယအကြိမ်ပျက်ကွက်ခြင်းအတွက်ဒဏ်ငွေ ကျပ် ၃၀ သိန်း

(၄) တတိယအကြိမ်အထက်ပျက်ကွက်ခြင်းအတွက်ဒဏ်ငွေ ကျပ် ၆၀ သိန်း

(ခ) **အထူးကုန်စည်ခွန်**

**အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ(စ)အရ** အခွန်အမှတ်တံဆိပ်ကပ်နှိပ် ရောင်းချစေရမည့် အထူးကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန်ပျက်ကွက်ကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိရပါက အထူးကုန်စည်ထုတ်လုပ်သူကို ယင်းသို့ပျက်ကွက်ခြင်းအတွက် တွေ့ရှိသည့်အထူး ကုန်စည်တန်ဖိုး ၏ ၅၀ ရာခိုင်နှုန်း ဒဏ်ငွေကို တပ်ရိုက်မည်ဖြစ်ပါသည်။

(ဂ) **၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ၄၀၊ ပုဒ်မခွဲ(ခ) အရ** အခွန်အမှတ် တံဆိပ်ကပ်နှိပ် ရောင်းချစေရမည့်ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်အခွန်အမှတ် တံဆိပ်ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်း မရှိသောကုန်စည်ကို လက်ရှိပိုင်ဆိုင်ထားခြင်းအတွက် လက်ဝယ်ထားရှိသူက ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

**အထူးကုန်စည်ခွန်ဥပဒေအရ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုအတွက် ဒဏ်ကြေးငွေများ**

၁၄။ (က) **အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ) အရ** ဈေးကွက်ပေါက်ဈေး သတ်မှတ်ပေး နိုင်ရေးအတွက် အထူးကုန်စည်ခွန်ဥပဒေအရ တောင်းခံသည့် သတင်းအချက်အလက် များသတ်မှတ်ထားသော သို့မဟုတ် ထပ်မံတိုးမြှင့်ပေးထားသော အချိန်အတွင်း

တင်သွင်းရန် ပျက်ကွက်ခြင်းအတွက် ကျပ် ၅၀ သိန်းဒဏ်ငွေ တပ်ရိုက်ခြင်းခံရမည် ဖြစ်ပါသည်။

(ခ) **အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ** အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို ရရှိပိုင်ဆိုင်ထားခြင်းအတွက် လက်ဝယ်ထားရှိသူက ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်း ပေးဆောင်ရမည့်အပြင် ယင်းကုန်စည်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူမည်ဖြစ်ပါသည်။

**တံဆိပ်ခေါင်းခွန် ထမ်းဆောင်ရန် ပျက်ကွက်ခဲ့ခြင်းအတွက် ပြဋ္ဌာန်းချက်နှင့် ဒဏ်ကြေးငွေများ**

**၁၅။ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍**

(က) မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေ ပုဒ်မ ၁၇ အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မည်သူမဆိုချုပ်ဆိုသည့် တံဆိပ်ခေါင်းခွန်ထိုက်သင့်သောစာချုပ်စာတမ်းများအားလုံးကို စာချုပ်မချုပ်ဆိုမီနှင့် ချုပ်ဆိုသည့်အခါ၌လည်းကောင်း၊ မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(၁)အရ မြန်မာနိုင်ငံပြင်ပတွင်သာချုပ်ဆိုခဲ့သည့် ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးကတိစာချုပ်မဟုတ်သော တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းများအရပ်ရပ်အား မြန်မာနိုင်ငံအတွင်း၌ ပထမဦးစွာလက်ခံရရှိပြီးနောက် သုံးလအတွင်းလည်းကောင်း တံဆိပ်ခေါင်း ထမ်းဆောင်ရမည်ဖြစ်ပါသည်။

( ခ ) အထက်ဖော်ပြပါ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရမည့်အချိန်ကာလ၌ ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန် လုံလောက်စွာကပ်နှိပ်ထားခြင်းမရှိသော စာချုပ်စာတမ်းဖြစ်သည့်ကိစ္စရပ်တွင် ပြည့်မီရန်လိုအပ်သည့်တံဆိပ်ခေါင်းခွန်ငွေပမာဏကို ထပ်မံထမ်းဆောင်စေပြီး ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် သို့မဟုတ် ပြည့်မီရန်လိုအပ်သည့် တံဆိပ်ခေါင်းခွန်၏ သုံးဆထက်မပိုသောဒဏ်ကြေးငွေကို မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ ပုဒ်မ ၃၅(က)အရ ပေးဆောင်ရမည် ဖြစ်ပါသည်။

( ဂ ) မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၆၉ အရ

(၁) တံဆိပ်ခေါင်းရောင်းချရန် ခန့်ထားခံရသူသည် ပုဒ်မ ၇၄ အရ ပြဋ္ဌာန်းထားသည့် နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

(၂) အထက်ဖော်ပြပါ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် (သို့မဟုတ်) တံဆိပ်ခေါင်းရောင်းချရန်ခန့်ထားခြင်းမခံရဘဲ တစ်ဆယ်ကျပ်တန်ကပ်တံဆိပ်ခေါင်းမှအပ အခြားတံဆိပ်ခေါင်းတစ်စုံတစ်ရာကို ရောင်းချလျှင် (သို့မဟုတ်)ရောင်းချရန်ကမ်းလှမ်းလျှင် (သို့မဟုတ်) တံဆိပ်ခေါင်းတစ်စုံတစ်ရာကို တရားမဝင် လက်ဝယ်ထားလျှင် ထိုသူကို ထောင်ဒဏ်ခြောက်လအထိ သို့မဟုတ် ငွေဒဏ် ကျပ်တစ်သိန်းအထိ သို့မဟုတ် ဒဏ်နှစ်ရပ်စလုံးချမှတ်ရမည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

**<u>အသေးစိတ်သိရှိလိုပါက</u>** အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်) အမှတ်၁၂၈/၁၃၂ (ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ၊ ဖုန်း-၀၁-၈-၃၈၉၃၁၁၊ ဖုန်း-၀၁-၈-၃၈၉၃၂၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော် )၊ ရုံးအမှတ် (၄၆) ၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) ၊ ၆၅လမ်း၊ ၂၂ x ၂၃ လမ်း ကြား၊ အောင်မြေသာစံမြို့နယ်၊ ဖုန်း-၀၂-၄၀၃၀၁၈၂၊ ဖုန်း-၀၂-၄၀၃၀၆၃၈၊ ဖုန်း-၀၂-၄၀၃၀၆၃၉ သို့မဟုတ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။